Data for Myanmar

အစီရင်ခံစာ အမှတ်စဉ် (၁)


# ပဋိပက္ခကာလအတွင်း အရပ်သားနေအိမ်များ မီးရှို့ဖျက်ဆီးခံရမှု အခြေအနေ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်

*ယခုအစီရင်ခံစာကို လူသားချင်းစာနာမှုအကူအညီပေးရေးအဖွဲ့များ၊ မူဝါဒချမှတ်သူများနဲ့ ပြည်တွင်းပြည်ပက မြန်မာ့အရေးစိတ်ဝင်စားတဲ့ အဖွဲ့အစည်းများအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။ ယခုအစီရင်ခံစာမှာ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ အချက်အလက်များပါဝင်ပါတယ်။*

## အရေးကြီး အချက်များ

- စစ်အာဏာသိမ်း သုံးနှစ်ကျော် ကာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သား နေအိမ်ပေါင်း ၉၅,၀၀၀ ကျော် ပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။
- ၂၀၂၄ ခုနှစ် အတွင်း မီးရှို့ဖျက်ဆီးမှုများကြောင့် နေအိမ်ပေါင်း ၁၅,၀၀၀ နီးပါးဆုံးရှုံးခဲ့ရပြီး ဖြစ်ပါတယ်။
- စစ်အာဏာသိမ်းကာလ နောက်ပိုင်း ၂၀၂၄ ခုနှစ်ထဲမှာ ရခိုင်ပြည်မှာ မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ်အရေအတွက် တိုးလာပါတယ်။
- ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ချင်းပြည်နဲ့ မကွေးတိုင်းအတွင်းက အရပ်သားနေအိမ်ပေါင်း ၁,၁၀၉ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။
- ၂၀၂၄ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ထဲက ရွာပေါင်း ၁၆ ရွာမှာ စစ်ကောင်စီတပ်ဖွဲ့တွေက မီးရှို့ဖျက်ဆီးခဲ့လို့ နေအိမ်ပေါင်း ၃,၁၀၀ ကျော် ပျက်စီးပြီး အကူအညီတွေ လိုအပ်နေပါတယ်။
- မီးရှို့ခံရတဲ့ ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်တဲ့အခါ မိုင်းအန္တရာယ်အပါဝင် ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရမှ ပြန်လည်ဝင်ရောက်သင့်ပါတယ်။
- ရခိုင်ပြည်၊ ဘူးသီးတောင်မြို့နယ်နဲ့ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နယ်တွေမှာ ဖြစ်ခဲ့တဲ့ မီးရှို့ဖျက်ဆီးမှုတွေနဲ့ ပတ်သက်တဲ့ နောက်ဆုံး အခြေအနေတွေကို အသေးစိတ်သိရှိနိုင်ဖို့ ခက်ခဲနေဆဲ ဖြစ်ပါတယ်။



Source: Data for Myanmar • Created with Datawrapper

## အဓိက ကိန်းဂဏန်းများ

| | | | |
|---|---|---|---|
| ၉၅,၄၅၀ | ၁,၁၀၉ | ၂၇၀ | ၇၀% |
| အာဏာသိမ်းကာလအတွင်း မီးရှို့ဖျက်ဆီးခံရသည့် နေအိမ် စုစုပေါင်း | ၂၀၂၄ ခုနှစ် ဇွန်လအတွင်း မီးရှို့ဖျက်ဆီးခံရသည့်နေအိမ်ပေါင်း | ၂၀၂၄ ခုနှစ်အတွင်း မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ် ဖြစ်ပွားခဲ့သည့် မြို့/ရွာ နေရာပေါင်း | စစ်ကိုင်းတိုင်းက တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရသည့် နေအိမ်စုစုပေါင်း၏ ရာခိုင်နှုန်း |


## အချက်အလက် အနှစ်ချုပ်

၂၀၂၄ ခုနှစ်၊ ဇွန်လကုန်အထိ Data for Myanmar က ကောက်ယူစုစည်းထားတဲ့ အချက်အလက်တွေအရ စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများရဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် အရပ်သား ပြည်သူ နေအိမ်ပေါင်း ၉၅,၄၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီအထဲမှာ စစ်ကိုင်းတိုင်းက နေအိမ်ပေါင်း ၆၇,၅၈၉ လုံး ဆုံးရှုံးခဲ့ရလို့ တစ်နိုင်ငံလုံး မီးရှို့ဖျက်ဆီးခံရတဲ့ အရပ်သားနေအိမ်စုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိပါတယ်။ ဒါ့အပြင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နဲ့ ချင်းပြည်တွေမှာလည်း အရပ်သားနေအိမ်ပေါင်း ၂၂,၇၂၉ လုံး မီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။

စစ်အာဏာသိမ်းကာလ သုံးနှစ်ကျော်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေးပြင်းထန်လာခဲ့ပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သား နေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စစ်ကြောင်းထိုးမီးရှို့တာအပြင် လက်နက်ကြီး၊ လေကြောင်းနဲ့ စစ်သင်္ဘောတွေက ပစ်ခတ်မှုတွေကြောင့် အရပ်သားနေအိမ်တွေ မီးလောင်ပျက်စီးခဲ့ရပါတယ်။

စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် ၂၀၂၁ ခုနှစ်မှာ အရပ်သားနေအိမ် ၂,၁၁၁ လုံး၊ ၂၀၂၂ ခုနှစ်မှာ ၄၆,၈၅၆ လုံး၊ ၂၀၂၃ ခုနှစ်မှာ ၃၁,၄၈၄ လုံးနဲ့ ၂၀၂၄ ခုနှစ်(ဇွန်လကုန်အထိ)မှာ ၁၄,၉၆၂ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ လအလိုက် မီးရှို့ဖျက်ဆီးခံရမှုအခြေအနေကို ကြည့်ရင် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလမှာ အများဆုံးဖြစ်ခဲ့ပြီး နေအိမ် ၁၀,၅၆၂ လုံး ဆုံးရှုံးခဲ့ရပါတယ်။

**လအလိုက် မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ်အရေအတွက်**




Source: Data for Myanmar (D4M) • Created with Datawrapper


၂၀၂၄ ခုနှစ် ပထမနှစ်ဝက်ကို ပြန်ကြည့်ရင် မတ်လ၊ ဧပြီလနဲ့ မေလတွေမှာ မီးရှို့ဖျက်ဆီးမှုတွေများခဲ့ပြီး နေအိမ် ၁၁,၆၆၃ လုံး ဆုံးရှုံးခဲ့ပါတယ်။ အဲဒီအထဲက အများစုက စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်နဲ့ မကွေးတိုင်းတွေမှာပါ။ ၂၀၂၄ ခုနှစ်၊ ဧပြီလနဲ့ မေလအတွင်း ရခိုင်ပြည်၊ ဘူးသီးတောင်မြို့မှာ စစ်ရေးပြင်းထန်ခဲ့လို့ အရပ်သားနေအိမ် ထောင်နဲ့ချီ မီးရှို့ဖျက်ဆီးခံခဲ့ရကြောင်း ဒေသခံသတင်းရင်းမြစ်တွေက ဖော်ပြကြပါတယ်။

## ဇွန်လအတွင်း အရေးကြီးဖြစ်ရပ်များ

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေရဲ့ မီးရှို့ဖျက်ဆီးမှုတွေကြောင့် အရပ်သားနေအိမ်ပေါင်း ၁,၁၀၉ လုံး ဆုံးရှုံးခဲ့ရပါတယ်။ မန္တလေးတိုင်းမှာ ၈၂၃ လုံး၊ စစ်ကိုင်းတိုင်းမှာ ၁၃၉ လုံး၊ တနင်္သာရီတိုင်းမှာ ၇၅ လုံး၊ ချင်းပြည်မှာ ၂၈ လုံးနဲ့ မကွေးတိုင်းမှာ ၄၄ လုံး ဖြစ်ပါတယ်။

**မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ်** – အရေးကြီးဖြစ်စဉ်တွေအနေနဲ့ ပြီးခဲ့တဲ့ ဇွန်လ ၃ ရက်ကနေ ၂၃ ရက်အတွင်း မန္တလေးတိုင်း၊ နွားထိုးကြီးမြို့နယ် မြောက်ပိုင်းမှာ စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲတွေ ပြင်းထန်ခဲ့ပြီး စစ်ကောင်စီစစ်ကြောင်းက မီးရှို့ဖျက်ဆီးလို့ ရွာပေါင်း ၁၄ ရွာက အရပ်သားနေအိမ် ၆၆၆ လုံး ဆုံးရှုံးခဲ့ရပါတယ်။[1] စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း နွားထိုးကြီးမြို့နယ်မှာ မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ် စုစုပေါင်း ၇၀၅ လုံးရှိပါတယ်။

**၂၀၂၄ ဇွန်လအတွင်း နွားထိုးကြီးမြို့နယ်ထဲက မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာများ**





Source: Data for Myanmar • Created with Datawrapper

---

[1] ဒေသခံရင်းမြစ်

**ချင်းပြည်၊ တီးတိန်မြို့နယ်နဲ့ ဟားခါးမြို့နယ်** – တီးတိန်ကနေ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်ဖွဲ့နဲ့ ချင်းတော်လှန်ရေးအဖွဲ့တွေအကြား ကလေး–တီးတိန်းလမ်းပေါ်က သိုင်းငင်းရွာမှာ ဇွန်လ ၂၀ ရက်ကနေ ၂၃ ရက်အကြား တိုက်ပွဲတွေဖြစ်ခဲ့ပြီး စစ်ကောင်စီတပ်ဖွဲ့တွေက နေအိမ် ၂၅ လုံး မီးရှို့ဖျက်ဆီးခဲ့ပါတယ်။[2] ဟားခါးမြို့ ဟားခါးထာရ်ရပ်ကွက် ၆ လမ်းဆုံမှာရှိတဲ့ စစ်ကောင်စီတပ်ဖွဲ့ကို ဇွန်လ ၂၄ ရက်နေ့က CNA/CDF – Hakha ပူးပေါင်းအဖွဲ့က ည ၁၀ နာရီလောက်မှာ သွားရောက်တိုက်ခိုက်ခဲ့ပြီးနောက် စစ်ကောင်စီတပ်က ဟားခါးထာရ်ရပ်ကွက်က လူနေအိမ်တွေကို မီးရှို့ခဲ့လို့ နေအိမ် ၃ လုံး မီးလောင်ခဲ့ပါတယ်။[3]

**တနင်္သာရီတိုင်း၊ ရေဖြူမြို့နယ်** – ရေဖြူမြို့နယ်မြောက်ပိုင်း၊ ရာဖူးကျေးရွာအုပ်စု၊ မျောက်ချောရွာ၊ မလွဲတောင်ခြေမှာ စစ်ကောင်စီတပ်နဲ့ ပြည်သူ့ကာကွယ်ရေးပူးပေါင်းအဖွဲ့တွေ ဇွန်လ ၁၉ ရက်မှာ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး လေကြောင်းကနေ ဗုံးကြဲတာနဲ့ စစ်ကောင်စီတပ်သားတွေ မီးရှို့တာကြောင့် မျောက်ချောရွာက နေအိမ် ၇၀ နီးပါး မီးလောင်ခဲ့ပါတယ်။[4] ရေဖြူမြို့နယ်တောင်ပိုင်းက မူဒူး(အနောက်)ရွာမှာလည်း စစ်ကြောင်းထိုး မီးရှို့ခံရလို့ နေအိမ် ၅ လုံး ပျက်စီးဆုံးရှုံးခဲ့ပါတယ်။ မူးဒူး(အနောက်)ရွာကနေ ရလိုင်ရွာဘက်အထွက်လမ်းမှာရှိတဲ့ ပျဉ်ထောင်အိမ်လေးလုံးနဲ့ တစ်ထပ်တိုက်အိမ်တစ်ဆောင်ကို စစ်ကောင်စီတပ်က မီးရှို့သွားတယ်လို့ ဒေသခံတွေက ပြောပါတယ်။[5]




**စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်** – ကလေးမြို့နယ်မြောက်ပိုင်းက မော်စီရွာကို ဇွန်လ ၆ ရက်နေ့မှာ စစ်ကောင်စီတပ်ဖွဲ့တွေက မီးရှို့ဖျက်ဆီးခဲ့တာကြောင့် နေအိမ် ၁၃၃ လုံး မီးလောင်ပျက်စီးခဲ့ကြောင်း NASA ရဲ့ FIRMS မီးလောင်မှုအချက်ပြစနစ်ကနေတွေ့မြင်ရပါတယ်။[6] ဇွန်လ ၉ ရက်နေ့ Google Earth ဂြိုလ်တုဓါတ်ပုံတွေအရ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခံရတာ တွေ့ရပါတယ်။ ဒါ့အပြင် ဇွန်လ ၆ ရက်နေ့မှာပဲ ကလေးမြို့ မြောက်ပိုင်းက ပြည်တော်သာနဲ့ နန်းချောင်း ကျေးရွာတွေက ကျန်ရှိနေသေးတဲ့ နေအိမ်အချို့ မီးလောင်နေတာကိုလည်း FIRMS အချက်ပြစနစ်ကနေ တွေ့မြင်ရပါတယ်။

**မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်** – မြင်းခြံမြို့နယ်ထဲက ပြားရွာမှာ ဇွန်လ ၁၅ ရက်နေ့က စစ်ကောင်စီတပ်နဲ့ ဒေသခံတော်လှန်ရေးအဖွဲ့တွေအကြား တိုက်ပွဲဖြစ်ပြီး စစ်ကောင်စီတပ်က မီးရှို့လို့ အရပ်သားနေအိမ် ၁၀၂ လုံး မီးလောင်ပျက်စီးခဲ့ရပါတယ်။[7] Sentinel Hub က တွေ့မြင်ရတဲ့ ဂြိုလ်တုဓါတ်ပုံတွေအရ ပြားရွာမှာ ဇွန်လ ၁၆ ရက်နေ့က မီးရှို့ဖျက်ဆီးတွေရှိခဲ့ကြောင်း တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ နဲ့ ၂၀၂၃ ခုနှစ်ထဲမှာလည်း ပြားရွာကို မီးရှို့ဖျက်ဆီးမှု နှစ်ကြိမ်ရှိခဲ့ပြီး နေအိမ် ၈၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရပြီးဖြစ်ပါတယ်။

---


[2] Chin World, 27 June 2024 ; RFA Burmese, 24 June 2024
[3] Chin World, 25 June 2024
[4] RFA Burmese, 21 June 2024
[5] The Tanintharyi Times, 20 June 2024; FIRMS Link
[6] FIRMS Link
[7] ဒေသခံရင်းမြစ်

## ဖြစ်စဉ်လေ့လာချက် (စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်)

စစ်အာဏာသိမ်း သုံးနှစ်ကျော်ကာလအတွင်း မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်တွေ များပြားခဲ့တဲ့ မြို့နယ်တွေကို မီဒီယာရင်းမြစ်တွေအပြင် ဒေသခံရင်းမြစ်တွေနဲ့ ဂြိုလ်တုဓါတ်ပုံတွေကနေလည်း အတည်ပြုနိုင်ဖို့ Data for Myanmar က လက်လှမ်းမီသမျှ လုပ်ဆောင်နေပါတယ်။ အဲဒီမြို့နယ်တွေထဲကနေ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ကို ဖြစ်စဉ်လေ့လာချက်အနေနဲ့ ယခုအစီရင်ခံစာမှာ လေ့လာတင်ပြထားပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့နယ်ဟာ ၂၀၂၁ ခုနှစ်အစပိုင်းကတည်း စစ်အာဏာသိမ်းဆန့်ကျင်ရေး အကြမ်းမဖက်လူထုလှုပ်ရှားမှုတွေ အားကောင်းခဲ့တဲ့အပြင် လက်နက်ကိုင် ခုခံတော်လှန်မှုတွေကိုလည်း အစောဆုံး လုပ်ဆောင်ခဲ့တဲ့ မြို့နယ်တွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။ ၂၀၂၁ နဲ့ ၂၀၂၂ ခုနှစ်တွေမှာ မကွေးတိုင်း၊ ဂန့်ဂေါမြို့နယ်နဲ့ ဆက်စပ်နေတဲ့ မြို့နယ်တောင်ပိုင်းက ရွာတွေမှာ မီးရှို့ဖျက်ဆီးခံရမှုတွေများခဲ့ပြီး ၂၀၂၄ ခုနှစ်ထဲမှာတော့ ချင်းပြည်၊ တီးတိန်မြို့နယ်နဲ့ဆက်စပ်နေတဲ့ မြို့နယ် မြောက်ပိုင်းက ရွာတွေမှာပါ မီးရှို့ဖျက်ဆီးခံရမှုတွေများလာပါတယ်။

**စစ်အာဏာသိမ်းကာလအတွင်း ကလေးမြို့နယ်ထဲက မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာများ**




● အိမ်ခြေ ၅၀ နှင့်အထက် မီးရှို့ခံရသည့် ကျေးရွာများ ● အိမ်ခြေ ၅၀ အောက် မီးရှို့ခံရသည့် ကျေးရွာများ

Source: Data for Myanmar • Created with Datawrapper

၂၀၂၄ ဇွန်လကုန်အထိ စစ်ကိုင်းတိုင်း၊ ကလေးမြို့နယ်ထဲက ရွာပေါင်း ၄၉ ရွာ မီးရှို့ခံရပြီး အရပ်သားနေအိမ်ပေါင်း ၅,၅၈၈ လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အခု ၂၀၂၄ ခုနှစ်ထဲမှာ နေအိမ် ၃,၁၁၉ လုံး မီးရှို့ခံရတာကြောင့် ပြီးခဲ့တဲ့နှစ်တွေနဲ့စာရင် ပိုများလာတယ်လို့ ဆိုရမှာပါ။ ၂၀၂၁ မှာ အရပ်သားနေအိမ် ၁၄၁ လုံး၊ ၂၀၂၂ မှာ ၁,၄၇၂ လုံးနဲ့ ၂၀၂၃ မှာ ၈၅၆ လုံး မီးရှို့ခံခဲ့ရပါတယ်။

မီးရှို့ဖျက်ဆီးခံရတဲ့ ဖြစ်စဉ်အရေအတွက်ရကြည့်ရင် ကလေးမြို့နယ် တောင်ပိုင်းက ရွာတွေမှာ ဖြစ်စဉ် ၅၈ ကြိမ်ရှိခဲ့ပြီး ၂၀၂၁ နဲ့ ၂၀၂၂ မှာ စုစုပေါင်း ၄၄ ကြိမ်ဖြစ်ခဲ့တာပါ။ မြို့နယ်မြောက်ပိုင်း ရွာတွေမှာတော့ ဖြစ်စဉ် စုစုပေါင်း ၁၇ ကြိမ်ရှိခဲ့ပြီး ၂၀၂၄ ထဲမှာ ၁၄ ကြိမ်ဖြစ်ခဲ့ပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ ရွာအရေအတွက်အရ ကြည့်ရင် မြို့နယ် မြောက်ပိုင်းက ရွာပေါင်း ၁၆ ရွာမှာ ၂,၈၉၇ လုံးနဲ့ တောင်ပိုင်းက ရွာပေါင်း ၃၃ ရွာမှာ ၂,၆၉၁ လုံး မီးရှို့ဖျက်ဆီးခဲ့တာဖြစ်ပါတယ်။ မြို့နယ်မြောက်ပိုင်းက ပြည်တော်သာရွာမှာ နေအိမ်ပေါင်း ၁,၀၈၆ လုံး မီးရှို့ခံခဲ့ရတာကြောင့် ပျက်စီးဆုံးရှုံးမှု အများဆုံးရွာဖြစ်ခဲ့ပါတယ်။

မြေပုံမှာ ဖော်ပြထားတဲ့ ကျေးရွာများထဲကနေ ကလေးမြို့နယ် တောင်ပိုင်းက အရှေ့စီး၊ စက္ကန့်နဲ့ သာယာဝတီ အပြင် မြောက်ပိုင်းက ပြည်တော်သာ၊ နန်းချောင်း၊ သာယာကုန်း၊ ပျဉ်းခုံကြီး၊ ပျဉ်းခုံလေး၊ ကျောင်းတိုက်ကျေးရွာတွေရဲ့ မီးရှို့ဖျက်ဆီးခံရမှုအခြေအနေကို Google Earth က ဂြိုလ်တုဓါတ်ပုံတွေအရ အောက်ပါအတိုင်း စစ်ဆေးထားပါတယ်။

**ကလေးမြို့နယ် တောင်ပိုင်း** – ၂၀၂၂ ပထမနှစ်ဝက်အတွင်း ကလေးမြို့နယ် တောင်ပိုင်းက ရွာတွေမှာ တိုက်ပွဲတွေ ပြင်းထန်ခဲ့တာကြောင့် မီးရှို့ဖျက်ဆီးမှုတွေလည်း မြင့်တက်ခဲ့ပါတယ်။ ၂၀၂၂ မတ်လ၊ ဧပြီလနဲ့ မေလတွေမှာ နတ်ချောင်း၊ အရှေ့စီး၊ ရှားဖို၊ ရှားတော၊ လယ်ကြား၊ ကုက္ကို စတဲ့ ရွာတွေမှာ အိမ်ခြေ ၁၀၀ ကျော်စီ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အရှေ့စီး ရွာမှာတော့ နေအိမ် ၇၀၀ ကျော် ပျက်စီးခဲ့ရပါတယ်။



ကလေးမြို့နယ်၊ အရှေ့စီးကျေးရွာ။ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့က ရိုက်ကူးတဲ့ပုံ

**အရှေ့စီးကျေးရွာ** – ၂၀၂၂ မေလ ၁ ရက်နေ့က စစ်ကောင်စီနဲ့ ဒေသခံတော်လှန်ရေးပူးပေါင်း အဖွဲ့တွေ အကြား အရှေ့စီးကျေးရွာအနီး တစ်နေကုန်နီးပါး တိုက်ပွဲပြင်းထန်ခဲ့ပါတယ်။ စစ်ကောင်စီနဲ့ ပျူစောထီးအဖွဲ့ တွေက ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းမှလွဲပြီး ကျန် အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးခဲ့လို့ နေအိမ် ၇၁၂ လုံး ပျက်စီးခဲ့ပါတယ်။ ဖြစ်စဉ်ဖြစ်ပွားချိန်မှာ ဒေသခံ ပြည်သူ ၂,၀၀၀ ကျော် တောတောင်တွေထဲမှာ ယာယီ ပုန်းရှောင်နေခဲ့ရပါတယ်။ [8]

[8] VOA Burmese, 3 May 2022; Khit Thit Media, 2 May 2022; FIRMS Link




**စက္ကန့်ကျေးရွာ** – ကလေးမြို့ကနေ စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေဟာ ၂၀၂၃ ဇန်နဝါရီလ ၅ ရက်နေ့မှာ ချင်းလူမျိုးအများစု နေထိုင်တဲ့ ကလေးမြို့ အနီးက စက္ကန့်ကျေးရွာမှာ တပ်စွဲခဲ့ပါတယ်။ သူတို့ ပြန်ဆုတ်သွားတဲ့ ဇန်နဝါရီလ ၆ ရက်နေ့ ညနေမှာတော့ နေအိမ်တွေကို စတင်မီးရှို့ဖျက်ဆီးခဲ့ကြလို့ နေအိမ် ၆၀ နီးပါး မီးလောင်ပျက်စီးသွားခဲ့ပါတယ်။[9] ၂၀၂၃ အောက်တိုဘာလ ၇ ရက် မနက်ပိုင်းမှာ ကလေးမြို့က စစ်ကြောင်းထိုးလာတဲ့ စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက အောက်တိုဘာ ၇၊ ၈ နဲ့ ၉ ရက်တွေမှာ ဒုတိယအကြိမ် မီးရှို့ဖျက်ဆီးခဲ့ပြန်ပါတယ်။[10] Google Earth က ဂြိုလ်တုဓါတ်ပုံအရ စက္ကန့်ကျေးရွာမှာ စုစုပေါင်း အိမ် ၇၂၂ လုံး မီးရှို့ဖျက်ဆီးခံရကြောင်းတွေ့ရပါတယ်။




**သာယာဝတီကျေးရွာ** – ကလေးမြို့တောင်ဘက် နည်းပညာ တက္ကသိုလ်အနီးက သာယာဝတီရွာကို စစ်ကောင်စီ တပ်ဖွဲ့ဝင်တွေက ၂၀၂၄ မတ်လ ၁၇ ရက်နေ့နဲ့ ၁၈ ရက်နေ့တွေမှာ မီးရှို့ဖျက်ဆီးခဲ့ကြပါတယ်။[11] နေအိမ် ၁၀၀ ကျော် မီးလောင် ပျက်စီးတယ်လို့ ဒေသတွင်း မီဒီယာတွေက ဖော်ပြကြပါတယ်။ Google Earth က ဂြိုလ်တုဓါတ်ပုံအရ သာယာဝတီ ကျေးရွာမှာ စုစုပေါင်း အိမ် ၂၂၃ လုံး မီးရှို့ဖျက်ဆီးခံရကြောင်း တွေ့ရပါတယ်။

**ကလေးမြို့နယ် မြောက်ပိုင်း** – ၂၀၂၄ ပထမနှစ်ဝက်ထဲမှာတော့ မြို့နယ် မြောက်ပိုင်းက ရွာတွေမှာ တိုက်ပွဲတွေပြင်းထန်ခဲ့ပြီး မီးရှို့ဖျက်ဆီးမှုတွေလည်း ပိုများလာခဲ့ပါတယ်။ ၂၀၂၄ မတ်လ၊ ဧပြီလနဲ့ မေလတွေမှာ နန်းစောင်းပု (ရွာသစ်)၊ ကျောင်းတိုက်၊ သဘော်ပင်ကွင်း၊ ပျဉ်းခုံလေး၊ ဟန်သာ၊ ပျဉ်းခုံကြီး၊ ယောက်ချိုကွင်း၊ နန်းချောင်း၊ ဆည်ကြီး၊ ငှက်ပျောတော (ကံသာ)၊ ပြည်တော်သာနဲ့ သာယာကုန်း ရွာတွေကို စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ အိမ်ခြေ ၁၀၀ နဲ့အထက် မီးရှို့ခံရတဲ့ရွာ ၅ ရွာရှိပြီး၊ ပျက်စီးဆုံးရှုံးမှုအနေနဲ့ ပြည်တော်သာရွာမှာ ၁,၀၈၆ လုံး၊ ပျဉ်းခုံကြီးရွာမှာ ၅၈၆ လုံး၊ ပျဉ်းခုံလေးရွာမှာ ၂၈၁ လုံး၊ နန်းချောင်းရွာမှာ ၂၆၆ လုံး၊ ကျောင်းတိုက်ရွာမှာ ၁၈၁ လုံးနဲ့ သာယာကုန်းရွာမှာ ၁၀၃ လုံးရှိပါတယ်။

---

9 Chin World, 6 January 2023; Chin World, 7 January 2023; FIRMS Link
10 Chin World, 7 October 2023; FIRMS Link
11 Khit Thit Media, 3 April 2024; FIRMS Link



ကလေးမြို့နယ်၊ နန်းချောင်းကျေးရွာ။ ၂၀၂၄ ခုနှစ် ဇွန်လ ၉ ရက်နေ့က ရိုက်ကူးတဲ့ပုံ

**နန်းချောင်းကျေးရွာ** – ပြည်တော်သာရွာ အနီးက နန်းချောင်းကျေးရွာမှာ ၂၀၂၄ ဧပြီလ ၂၆ ရက်နေ့မှာ စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ဒေသခံတော်လှန်ရေး အဖွဲ့တွေ အကြား တိုက်ပွဲတွေ ပြင်းထန်ခဲ့ပါတယ်။[12] စစ်ကောင်စီတပ်ဖွဲ့တွေက နန်းချောင်းကျေးရွာကို ၂၀၂၄ ဧပြီ ၂၅ ရက်နဲ့ ဇွန်လ ၆ ရက်နေ့တွေမှာ နေအိမ် ၂၄၇ လုံး မီးရှို့ဖျက်ဆီးခဲ့ပါတယ်။ ၂၀၂၂ ဒီဇင်ဘာ ၁၂ ရက်နေ့ကလည်း နေအိမ် ၁၉ လုံး မီးရှို့ ခံထားရပြီးဖြစ်ပါတယ်။ လက်ရှိမှာ နန်းချောင်းကျေးရွာမှာ နေအိမ်အနည်းငယ်ပဲ ကျန်ပါတော့တယ်။



ကလေးမြို့နယ်၊ ပြည်တော်သာကျေးရွာ။ ၂၀၂၄ ခုနှစ် ဇွန်လ ၉ ရက်နေ့က ရိုက်ကူးတဲ့ပုံ

**ပြည်တော်သာကျေးရွာ** – ချင်းလူမျိုးတွေ နေထိုင်တဲ့ ပြည်တော်သာရွာအနီးမှာ စစ်ကောင်စီတပ်ဖွဲ့တွေနဲ့ ဒေသခံတော်လှန်ရေးအဖွဲ့တွေအကြား ၂၀၂၄ ဧပြီလ ၃၀ ရက်နဲ့ မေလ ၁ ရက်တွေမှာ တိုက်ပွဲဖြစ်ပွားရာကနေ စစ်ကောင်စီတပ်က မီးရှို့လို့ ဘုရားကျောင်းတွေ အပါအဝင် နေအိမ်အားလုံးနီးပါး မီးရှို့ဖျက်ဆီးခံရပါတယ်။[13] FIRMS စနစ်မှာ တွေ့ရှိရတဲ့ အချက်အလက်တွေအရ စစ်ကောင်စီတပ်ဖွဲ့တွေဟာ ထောင်နဲ့ချီတဲ့ နေအိမ်တွေကို ၂၀၂၄ ဧပြီ ၂၀ ရက်၊ မေလ ၁ ရက်၊ မေလ ၁၇ ရက်နဲ့ ဇွန်လ ၆ ရက်တွေမှာ အကြိမ်ကြိမ် မီးရှို့ဖျက်ဆီးခဲ့တာကြောင့် နေအိမ် ၁,၀၈၆ လုံး မီးလောင်ပျက်စီးခဲ့ရပါတယ်။ အိမ်ကြီးအိမ်ကောင်း များစွာ ပျက်စီးဆုံးရှုံးခဲ့ပါတယ်။

[12] RFA Burmese, 2 May 2024; FIRMS Link
[13] Chin World, 8 June 2024; FIRMS Link




**သာယာကုန်းကျေးရွာ** – ပြည်တော်သာရွာနဲ့ လမ်းတဆက်တည်း တည်ရှိတဲ့ သာယာကုန်းကျေးရွာမှာ စစ်ကောင်စီတပ်ဖွဲ့ တွေဟာ ၂၀၂၄ မေလ ၁၇ ရက်နေ့မှာ မီးရှို့ဖျက်ဆီးခဲ့ကြောင်း FIRMS စနစ်မှာ တွေ့ရှိရတဲ့ အချက်အလက်တွေအရ မီးလောင်ပျက်စီးခဲ့ရပါတယ်။[14] Google Earth က ဂြိုလ်တုဓါတ်ပုံအရ သာယာကုန်း ကျေးရွာမှာ စုစုပေါင်း အိမ် ၁၀၃ လုံး မီးရှို့ဖျက်ဆီးခံ ရကြောင်း တွေ့ရပါတယ်။




**ပျဉ်းခုံကြီးကျေးရွာ** – ချင်းလူမျိုးအများစု နေထိုင်တဲ့ ပျဉ်းခုံကြီးရွာကို စစ်ကောင်စီတပ်ဖွဲ့ တွေက ၂၀၂၄ ဧပြီလ ၁၂ ရက်နေ့က စလို့ အကြိမ်ကြိမ် မီးရှို့ ဖျက်ဆီးခဲ့ တာကြောင့် နေအိမ် ၅၈၆ လုံး မီးလောင်ပျက်စီးခဲ့ ရပါတယ်။ စစ်ကောင်စီတပ်ဖွဲ့တွေဟာ နေအိမ်တွေထဲက ရိက္ခာတွေနဲ့ အဖိုးတန်ပစ္စည်းတွေကိုလည်း ခိုးယူခဲ့ကြပြီး မီးရှို့ဖျက်ဆီးခဲ့ကြတယ်လို့ ဒေသတွင်း သတင်းရင်းမြစ် တွေက ဖော်ပြပါတယ်။[15] FIRMS စနစ်မှာ တွေ့ရှိရတဲ့ အချက်အလက်တွေအရ စစ်ကောင်စီတပ်ဖွဲ့တွေဟာ ဧပြီ ၁၃ ရက်နဲ့ ၂၀ ရက်တွေမှာ မီးရှို့ခဲ့ကြတယ်ဆိုတာ တွေ့ရပါတယ်။

---

14 FIRMS Link

15 Chin World, 17 April 2024; FIRMS Link




**ပျဉ်းခုံလေးကျေးရွာ** – ၂၀၂၄ မတ်လ ၁၆ ရက်နေ့က ကလေးမြို့အနီး စစ်ကောင်စီတပ် အထိုင်ချထားတဲ့ ကျောင်းတိုက်ရွာကို ဒေသခံတော်လှန်ရေး ပူးပေါင်းတပ်တွေက တိုက်ခိုက်ခဲ့ပြီးနောက် စစ်ရေး တင်းမာခဲ့ပါတယ်။[16] အဲဒိနောက် စစ်ကောင်စီတပ်ဖွဲ့ဝင်တွေက ၂၀၂၄ မတ်လ ၁၉ နဲ့ ၂၀ ရက်တွေမှာ ကျောင်းတိုက်ရွာအနီးက ပျဉ်းခုံလေး ရွာမှာရှိတဲ့ နေအိမ် ၂၈၁ လုံး ကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။




**ကျောင်းတိုက်ကျေးရွာ** – စစ်ကောင်စီတပ်ဖွဲ့တွေက ကျောင်းတိုက်ရွာကို စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီး ၂၀၂၄ မတ်လ ၁၆ ရက်၊ ၁၈ ရက်နဲ့ ၂၅ ရက်တွေမှာ နေအိမ် ၁၈၁ လုံးကို မီးရှို့ဖျက်ဆီးခဲ့ပါတယ်။[17]

ကလေးမြို့နယ်ထဲက မီးဘေးသင့်ပြည်သူတွေနဲ့ စစ်ရှောင်ပြည်သူတွေအတွက် စားနပ်ရိက္ခာ၊ အမိုးအကာနဲ့ ကျန်းမာရေး အကူအညီတွေ လိုအပ်နေလို့ ဒေသခံ လူမှုကူညီရေး အဖွဲ့တွေကတဆင့် ကူညီပေးသင့်ပါတယ်။ ဒေသခံ ပြည်သူတွေအနေနဲ့ မီးရှို့ခံရတဲ့ ကျေးရွာများ အတွင်း ပြန်လည်ဝင်ရောက်တဲ့အခါ မိုင်းအန္တရာယ် အပါဝင် မပေါက်ကွဲသေးတဲ့ စစ်ကျန်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘေးကင်းလုံခြုံရေးမှုရှိမှ ပြန်လည်ဝင်ရောက်သင့်ပါတယ်။

မီးရှို့ဖျက်ဆီးထားတဲ့ နေအိမ်တွေကို Google Earth ကနေ ရေတွက်တဲ့အခါ update အဖြစ်ဆုံး ရရှိနိုင်တဲ့ ဂြိုလ်တု ဓါတ်ပုံနဲ့ အဲဒိရှေ့က ပုံကို နှိုင်းယှဉ်ပြီး ပြောင်းလဲမှုကို Manual ရေတွက်ထားတာ ဖြစ်ပါတယ်။ နေအိမ် အဆောက်အအုံတွေကို အသေးစိတ် အမျိုးအစားခွဲခြားပြီး ရေတွက်ဖို့ မလွယ်ကူတဲ့အတွက် အဆောက်အအုံ အရှိအတိုင်းကိုပဲ ရေတွက်ထားပါတယ်။ အဲဒါကြောင့် မြေပြင်က အရေအတွက်ထက် တချို့ရွာတွေမှာများနေနိုင်ပါတယ်။

---

16 Zalen, 19 March 2024; FIRMS Link
17 FIRMS Link

## သုံးသပ်ချက်

၂၀၂၄ ခုနှစ်အတွင်း စစ်ကောင်စီနဲ့ တော်လှန်ရေးအင်အားစုတွေအကြား စစ်ရေး ဆက်လက်ပြင်းထန်နေပြီး လက်နက်ကိုင်ခုခံတော်လှန်စစ် အားကောင်းတဲ့ နယ်မြေတွေမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းတွေက အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးတာတွေ ဆက်လက် လုပ်ဆောင်နေဆဲ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကောင်စီစစ်ကြောင်းတွေက မြို့သိမ်းတိုက်ပွဲ ဆင်နွှဲတဲ့ မြို့ရွာဒေသတွေနဲ့ တော်လှန်ရေးအင်အားစုတွေကို ထောက်ခံတဲ့ ကျေးရွာတွေကိုလည်း မီးရှို့ဖျက်ဆီးတာတွေ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်ထဲမှာတော့ မီးရှို့ဖျက်ဆီးမှုတွေ ပုံမှန်အားဖြင့် များလေ့ရှိတဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းနဲ့ ချင်းပြည်အပြင် ရခိုင်ပြည်မှာလည်း မီးရှို့ဖျက်ဆီးမှုတွေ မြင့်တက်လာခဲ့ပါတယ်။ စစ်ကိုင်းတိုင်းထဲက ကလေးမြို့နယ်နဲ့ မုံရွာမြို့နယ်၊ မန္တလေးတိုင်းထဲက မြင်းခြံ၊ နွားထိုးကြီး၊ မတ္တရာ၊ စဉ့်ကူး စတဲ့ မြို့နယ်တွေမှာ ဒီနှစ်ထဲ မီးရှို့ဖျက်ဆီးမှုတွေ သိသိသာသာ များလာခဲ့ပါတယ်။ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့နဲ့ အနီးတဝိုက်ကျေးရွာတွေအပြင် ရခိုင်ပြည် ဘူးသီးတောင်မြို့နဲ့ အနီးတဝိုက်က ကျေးရွာ ၂၀ ကျော်လောက်က မီးလောင်ပျက်စီးမှုအခြေအနေတွေကို အသေးစိတ်မသိနိုင်သေးပါဘူး။ ၂၀၂၄ ခုနှစ်တွင်း တိုက်ပွဲဖြစ်စဉ်တွေထဲမှာ တော်လှန်ရေးအင်အားစုတွေက မကွေးတိုင်းနဲ့ မန္တလေးတိုင်းထဲက ပြည်သူ့စစ်/ပျူစောထီး ကျေးရွာအချို့ကို စီးနင်းတိုက်ခိုက်ပြီး အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးခဲ့ကြောင်း တော်လှန်ရေးအင်အားစုတွေရဲ့ ထုတ်ပြန်ချက်တွေမှာ တွေ့လာရပါတယ်။

နေအိမ်မီးရှို့ဖျက်ဆီးခံမှုကြောင့် ဒေသခံ ပြည်သူတွေရဲ့ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာတွေမှာ ကြီးမားစွာထိခိုက်ခံစားခဲ့ကြရပါတယ်။ မီးရှို့ဖျက်ဆီးခံရတဲ့ ကျေးရွာအချို့မှာ နေရပ်မပြန်နိုင်သေးဘဲ တိမ်းရှောင်နေရဆဲဖြစ်ပါတယ်။ နေရပ်စွန့်ခွါထွက်ပြေးရလို့ စားဝတ်နေရေးအခက်အခဲတွေအပြင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုမရှိဘဲ နေထိုင်ကြရသူတွေလည်း အများအပြားရှိနေဆဲဖြစ်ပါတယ်။ ဒေသခံ လူမှုကူညီရေးအဖွဲ့အစည်းတွေရဲ့ ပံ့ပိုးမှုနဲ့ ယာယီအမိုးအကာနဲ့ စားနပ်ရိက္ခာ အထောက်အပံ့အချို့ ရရှိကြောင်း သိရပါတယ်။ ဒါပေမယ့် လုံလောက်တဲ့ အကူအညီတော့ မရကြပါဘူး။

လက်နက်ကိုင်မဟုတ်တဲ့ အရပ်သားတွေပိုင်ဆိုင်တဲ့ အရပ်သားနေအိမ်တွေကို မီးရှို့ဖျက်ဆီးလို့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားမှာ မဟုတ်ဘဲ ပြည်တွင်းစစ်မီးသာ ပိုတောက်လောင်လာမှာဖြစ်ပါတယ်။ အိုးအိမ်ဆုံးရှုံးခဲ့ရတဲ့ စစ်ရေးနဲ့ မသက်ဆိုင်တဲ့ ပြည်သူများအနေနဲ့ အခုလက်ရှိ လူမှုစီးပွားဒုက္ခတွေအပြင် စိတ်ဒါဏ်တွေ ကုစားနိုင်ဖို့ နှစ်များစွာ ကြာမြင့်နိုင်ပါတယ်။ ဒါ့အပြင် ယဉ်ကျေးမှုနဲ့ သမိုင်းဆိုင်ရာ အမွေအနှစ်တွေ၊ မှတ်တမ်းမှတ်ရာတွေလည်း များစွာ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။ အရပ်သားနေအိမ်တွေ မီးရှို့ဖျက်ဆီးတဲ့အတွက် ပဋိပက္ခအလွန် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု ရှာဖွေတဲ့အခါ အရင်းအမြစ်တွေ များစွာ ကုန်ကျနိုင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူတွေ ထောက်ခံပါဝင်လာဖို့ အဟန့်အတား ဖြစ်စေနိုင်ပါတယ်။

## အကြံပြုချက်များ

- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ရပါမယ်။
- လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အရပ်သားထိခိုက်မှုအနည်းဆုံးဖြစ်အောင် စစ်ရေးကျင့်ဝတ်တွေကို အတတ်နိုင်ဆုံး လိုက်နာသင့်ပါတယ်။
- နိုင်ငံတကာအဖွဲ့အစည်းများအနေနဲ့ အရပ်သားများနဲ့ အရပ်သားနေအိမ်များကို ပစ်မှတ်ထား တိုက်ခိုက်တာ၊ မီးရှို့ဖျက်ဆီးတာတွေ အမြန်ဆုံးရပ်တန့်ဖို့ ဖိအားပေးတိုက်တွန်းသင့်ပါတယ်။
- လူသားချင်းစာနာမှုအဖွဲ့အစည်းများအနေနဲ့ စစ်ဘေးရှောင် ပြည်သူတွေကို ဒေသခံလူမှုကူညီရေးအဖွဲ့များနဲ့ ချိတ်ဆက်ပြီး လုံလောက်တဲ့ လူသားချင်းစာနာမှုအကူညီများ ထောက်ပံ့ပေးသင့်ပါတယ်။

- သတင်းမီဒီယာများအနေနဲ့ ဒေသခံ သတင်းရင်းမြစ်တွေကို မေးမြန်းတဲ့အခါ မီးရှို့ဖျက်ဆီးခံရတဲ့ နေအိမ် အရေအတွက်ကို ကျေးရွာအလိုက် နေ့ရက်အလိုက်ရရှိအောင် အတတ်နိုင်ဆုံး ခွဲခြား ကောက်ယူသင့်ပါတယ်။
- ပြည်သူများအနေနဲ့ မီးရှို့ခံရတဲ့ ကျေးရွာများအတွင်း ပြန်လည်ဝင်ရောက်တဲ့အခါ မိုင်းအန္တရာယ်အပါဝင် မပေါက်ကွဲသေးတဲ့ စစ်ကျန်ပစ္စည်းတွေနဲ့ ပတ်သက်လို့ ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရမှ ပြန်လည် ဝင်ရောက်သင့်ပါတယ်။

## အချက်အလက်ကောက်ယူတဲ့ နည်းစနစ်နဲ့ ကန့်သတ်ချက်များ

ပြည်တွင်းမီဒီယာတွေနဲ့ ဒေသခံအဖွဲ့အစည်းတွေကနေ ရရှိတဲ့ အချက်အလက်တွေကို ရက်အလိုက်၊ ဖြစ်စဉ်အလိုက် ရေးသွင်းပါတယ်။ အဲဒီနောက် NASA FIRMS မီးလောင်မှုအချက်ပြစနစ်က အချက်အလက်များ၊ Google Earth နဲ့ အခြားရင်းမြစ်များကနေ ရရှိတဲ့ ဂြိုလ်တုဓါတ်ပုံတွေကို အသုံးပြုပြီး ပြန်လည် တိုက်ဆိုင်စစ်ဆေးထားပါတယ်။ ဒါ့အပြင် ယုံကြည်ရတဲ့ မြေပြင်သတင်းရင်းမြစ်တွေကနေလည်း တိုက်ဆိုင်စစ်ဆေးတာတွေ လုပ်ဆောင်ပါတယ်။

ယေဘုယျအားဖြင့် ယခုဖော်ပြထားတဲ့ ကိန်းဂဏန်းတွေက မြေပြင်ထက် နည်းနေမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခက်အခဲအမျိုးမျိုးကြောင့် အတည်မပြုနိုင်သေးတဲ့ ဖြစ်စဉ်တွေနဲ့ အချက်အလက် မပြည့်စုံတဲ့ ဖြစ်စဉ်တွေကို ထည့်သွင်းရေတွက်ခြင်းမပြုနိုင်သေးဘဲ ချန်ထားခဲ့ရလို့ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အထောက်အထားတွေရရှိတဲ့အခါ အဲဒီ ဖြစ်စဉ်တွေကိုလည်း ဆက်လက်ထည့်သွင်းရေတွက်သွားမှာ ဖြစ်ပါတယ်။ အတည်ပြုနိုင်တဲ့ အပေါ်မူတည်ပြီး မြို့နယ်အလိုက်၊ လအလိုက် ကိန်းဂဏန်းတချို့ အပြောင်းအလဲဖြစ်နိုင်တာကြောင့် နောက်ဆုံးကိန်းဂဏန်းတွေကို နောင်ထုတ်ပြန်မယ့် အစီရင်ခံစာတွေမှာ ကြည့်ရှုဖို့ တိုက်တွန်းပါတယ်။

အထူးသဖြင့် ကရင်နီပြည်နဲ့ ကချင်ပြည်နယ်အတွင်းမှ အချို့ဖြစ်စဉ်များ၊ ကောလင်းမြို့အပါအဝင် မြို့အနီးတဝိုက်မှ ဖြစ်စဉ်များနဲ့ ဘူးသီးတောင်မြို့နဲ့ အနီးတဝိုက်မှ ဖြစ်စဉ်များကို လတ်တလော ထည့်သွင်းရေတွက်နိုင်ခြင်းမရှိသေးပါဘူး။

ယခု အစီရင်ခံစာမှာ စစ်ကောင်စီနဲ့ လက်အောက်ခံအဖွဲ့အစည်းများက ကျူးလွန်ခဲ့တဲ့ မီးရှို့ဖျက်ဆီးမှု ဖြစ်စဉ်တွေသာပါဝင်ပြီး အခြားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်တဲ့ ဖြစ်စဉ်တွေ ပါဝင်ခြင်းမရှိသေးပါဘူး။ လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီး၊ မီးလောင်မှုများကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။ ယေဘုယျအားဖြင့် နေအိမ်မဟုတ်တဲ့ အခြားအဆောက်အုံတွေကိုလည်း ထည့်သွင်းရေတွက်မထားပါဘူး။

## အဖွဲ့အကြောင်း

Data for Myanmar (D4M) က လွတ်လပ်တဲ့ သုတေသနအဖွဲ့တစ်ခုဖြစ်ပြီး အများပြည်သူတွေအတွက် အကျိုးရှိပြီး သိသင့်တဲ့ အချက်အလက်တွေကို ရင်းမြစ်မျိုးစုံကနေ စုစည်းပြီး လေ့လာဆန်းစစ် တင်ပြနေပါတယ်။

**ဆက်သွယ်ရန်**

**Email:** data4myanmar@gmail.com

**Facebook Page:** https://www.facebook.com/data4myanmar